Message Five

## ဘုရား-လူအသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဝတ်၊၁း၃၊ ၉။ ဇ၊၈-၁၃။ ယော၊၂၁း၁၅-၁၇။
၁ယော၊၃း၁၄။ ၅း၁။ ၂း၆။ ၄း၁၇။ ဂလ၊၆း၂-၃။ ရော၊၈း၂

I. **ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒမှာ "ယေရှု၌ရှိသော စစ်မှန်ခြင်း"ဖြစ်သည့် (ဧ၊၄း၂၁) ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၊ ဧဝံဂေလိစာစောင်လေးစောင်၌ မှတ်တမ်းတင်ထားသည့်အတိုင်း ယေရှု၏ ဘုရား-လူအသက်ရှင်ခြင်း အခြေအနေမှန်ကို စစ်မှန်ခြင်း၏ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များစွာ၌ ပုံတူပွားရန်ဖြစ်ပြီး၊ ယင်းသည် ဘုရားသခင့် စီမံကိန်း၌ အမြင့်ဆုံးအထွတ်အထိပ်ဖြစ်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း ဖြစ်လာရန်ဖြစ်သည် (အငယ်၊၂၀-၂၄)။**

A. ဧဝံဂေလိစာစောင်လေးစောင်က ဘုရားသခင်အလိုတော်ရှိသော အသက်တာ၏ စံနမူနာ၊ ဘုရားသခင်ကို ကျေနပ်နှစ်သိမ့်စေသော၊ ကိုယ်တော်၏အကြံအစည်တော်ကို ပြည့်စုံစေသော အသက်တာပုံစံခွက်ကို ပြသထားသည်။ ယေရှုသည် အရာခပ်သိမ်းကို ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် လုပ်ဆောင်သည့်အသက်တာကို အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်၏အသက်ရှင်ခြင်း၌ရှိပြီး၊ ကိုယ်တော်သည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝရှိသည်။ ဤသည်မှာ *ယေရှု၌ရှိသောစစ်မှန်ခြင်း* ၏ဆိုလိုရင်းဖြစ်သည်။ ယေရှု၌ရှိသောစစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူခြင်းမှာ ခရစ်တော်၏စံနမူနာအထဲသို့ ပုံသွင်းခံရရန်၊ ခရစ်တော်၏ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီရန် ဖြစ်သည် - ရော၊၈း၂၈-၂၉။ ဧ၊၄း၂၀-၂၁။

B. ကျွန်ုပ်တို့သည် ဘုရား-လူများဖြစ်ရန်၊ ပထမဆုံးသောဘုရား-လူအဖြစ် ခရစ်တော်၏ ပုံစံအတိုင်း ကျွန်ုပ်တို့၏ဇာတိအသက်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ရန် သခင်ဘုရားအားဖြင့် စုံလင်စေခြင်း ခံနေကြသည် - မ၊၁၁း၂၉က။ ၁၇း၅ခ။ ၁ပေ၊၂း၂၁။

1. မြေကြီးပေါ် ကိုယ်တော်၏အသက်တာ၌ ကိုယ်တော်သည် ဧဝံဂေလိစာစောင်လေးစောင်၌ ဖွင့်ပြသည့်အတိုင်း ပုံစံနမူနာကို ချမှတ်ပေးထားခဲ့သည်။ ထိုနောက် ကိုယ်တော်သည် ကားတိုင်ပေါ်အသေခံကာ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာရန် ရှင်ပြန်ထမြောက်ခဲ့သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ကိုယ်တော်၏စံနမူနာအတိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ သင်ယူကြကာ၊ ကျွန်ုပ်တို့၏ဇာတိအသက်အားဖြင့်မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏အသက်ဖြစ် ကိုယ်တော်အားဖြင့် သင်ယူကြခြင်းဖြစ်သည် - ၁ကော၊၁၅း၄၅ခ။ ကော၊၃း၄။
2. ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် ခရစ်တော်၌ရှိသောအသက်တာနှင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ရှိသော အသက်တာလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပုံစံခွက်ဖြစ်သည့် ခရစ်တော်၌ ရှိကြကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်အဖြစ် ကျွန်ုပ်တို့၌ရှိသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယေရှု၌ရှိသောစစ်မှန်ခြင်းအဖြစ် သင်ယူကြသည်။ဤစစ်မှန်ခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည် - ၁ကော၊၁း၃၀။ ၂ကော၊၅း၁၇။ ၁၃း၂က။ ကော၊၁း၂၇။ ဂလ၊၂း၂၀။ ရော၊၈း၁၀။

C. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ခြင်း၊ ကိုယ်တော်ကို ဆက်သွယ်ခြင်းနှင့် ကိုယ်တော်ထံသို့ ဆုတောင်းခြင်းရှိသောအခါ ကျွန်ုပ်တို့သည် ဧဝံဂေလိစာစောင် လေးစောင်၌ ဖော်ပြထားသည့် ပုံစံခွက်၊ ပုံစံ၊ စံနမူနာအတိုင်း ကိုယ်တော်ကို အလိုလိုပင် အသက်ရှင်ကြသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ဤပုံစံခွက်ပုံသဏ္ဌာန်သို့ ပုံသွင်းခြင်း၊ သဏ္ဌာန်တူညီခြင်း ရှိကြသည် - ဤသည်မှာ ခရစ်တော်ကို သင်ယူခြင်း၏ ဆိုလိုရင်းဖြစ်သည် - မ၊၁၁း၂၉။ ရော၊၈း၂၉။

D. ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းသော ဝိညာဉ်၌ အသက်ရှင်သောအခါ စစ်မှန်ခြင်း၏ ဝိညာဉ်တော်အားဖြင့် ယေရှု၌ရှိသော စစ်မှန်ခြင်းအတိုင်း ခရစ်တော်ကို သင်ယူခြင်းရှိကြသည်။ ကျွန်ုပ်တို့၏စံနမူနာအဖြစ် ကိုယ်တော်ထံမှ ကျွန်ုပ်တို့သင်ယူကြသည်၊ ထိုသို့ဖြင့် ကိုယ်တော်၏အတ္ထုပ္ပတ္တိသည် ကျွန်ုပ်တို့သမိုင်းကြောင်း ဖြစ်လာသည်။ လူသစ်ဖြစ်သော ခရစ်တော်ကိုယ်

ခန္ဓာတော်၏ အသက်ရှင်ခြင်းသည် ဧဝံဂေလိစာစောင်များ၌ ဖွင့်ပြထားသည့် ယေရှု၏အသက်ရှင်ခြင်းနှင့် အတိအကျတူညီခြင်းရှိသင့်သည် - ဂလ၊၆း၁၇-၁၈။ ရော၊၁း၁၊ ၉။ ဧ၄း၂၀-၂၄။ ဖိ၊၂း၅။ မ၊၁၁း၂၉။ ၁ပေ၊၂း၂။

E. ဘုရားသခင်က သခင်ယေရှုကို လူတစ်ဦးဖြစ်ရန် စေလွှတ်ခြင်း ရည်ရွယ်ချက်မှာ ကိုယ်တော်သည် ဘုရားဆိုင်ရာအသက်အားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စားသုံးသောအခါ ကိုယ်တော်ကဲ့သို့ အတိအကျတူညီခြင်းရှိသော စကြဝဠာဆိုင်ရာကြီးမားသည့်လူ - ဘုရားဆိုင်ရာအသက်အားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်သောလူ ဖြစ်လာရန် ကျွန်ုပ်တို့သည် ကိုယ်တော်ကြောင့် အသက်ရှင်ကြသည် - မြည်၊၃း၂၂-၂၄၊ ၅၅-၅၆။ ဗျာ၊၂း၄၊ ၇။ ယော၊၆း၅၇၊ ၆၃။ ယေ၊၁၅း၁၆။ ဧ၊၆း၁၇-၁၈။ ဆာ၊၁၁၉း၁၅။

## II. ဘုရားသခင်ထံသို့ နှစ်လိုဖွယ်ဖြစ်သော တစ်ခုတည်းသောအသက်တာမှာ မြေကြီးပေါ်မှာ အသက်ရှင်ခဲ့သည့် ခရစ်တော်၏အသက်တာကို ထပ်ကျော့ထားသည့်အသက်တာဖြစ်သည်။ ဤသည်မှာ ခရစ်တော်က သူ၏အတွေ့အကြုံများ၌ မီးရှို့ရာပူဇော်သက္ကာအဖြစ် တွေ့ကြုံခံစားခဲ့သည် အသက်တာဖြစ်သည် - ဝတ်၊၁း၉။ ယော၊၈း၂၉။ ၂ကော၊၅း၉။

A. မီးရှို့ရာပူဇော်သက္ကာသည် ခရစ်တော်က သူ၏အသက်ရှင်ခြင်း၌ ဘုရားသခင်အတွက်၊ ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သော အသက်တာကို ပုံဆောင်သည်။ မီးရှို့ရာပူဇော်သက္ကာသည် ဘုရား၏လူများအား ထိုသို့သောအသက်တာကို ရရှိစေရန် တတ်စွမ်းစေသည့် ခရစ်တော်၏ ဖြစ်ခြင်းကိုလည်း ပုံဆောင်သည် - ဝတ်၊၁း၃။ စာရင်း၊၂၈း၂-၃။ ယော၊၅း၃၀။ ၆း၃၈။ ၈း၂၉။ ဟေဗြဲ၊၁၀း၅-၁၀။

B. "မီးရှို့ရာပူဇော်သက္ကာ"ဟူ၍ ဘာသာပြန်ဆိုထားသောစကားလုံးမှာ အထက်သို့တက်သွားသည့် တစ်စုံတစ်ရာကို ရည်ညွှန်းသည်။ ဤတက်သွားခြင်းသည် ခရစ်တော်ကို ရည်ညွှန်းသည် (ဝတ်၊၁း၃၊ ၁၀၊ ၁၄)။ မြေကြီးမှ ဘုရားသခင်ထံသို့ တက်သွားနိုင်သော တစ်ခုတည်းသောအရာမှာ ခရစ်တော်အားဖြင့် အသက်ရှင်ခဲ့သည့် အသက်တာဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင်အတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သောအသက်တာကို အသက်ရှင်ခဲ့သည့် တုနှိုင်းရာမဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်သည် (ယော၊၆း၃၈)။

C. မီးရှို့ရာပူဇော်သက္ကာသည် "ယေဟောဝါထံသို့ ကျေနပ်စေသော အမွှေးအကြိုင်" ဖြစ်သည် (ဝတ်၊၁း၉)။ "ကျေနပ်စေသော အမွှေးအကြိုင်"ဟု ပြန်ဆိုထားသော ဟေဗြဲစကားလုံးမှာ "နားခိုခြင်း သို့မဟုတ် ကျေနပ်နှစ်သိမ့်ခြင်း အနှစ်အရသာ"ဟု တိုက်ရိုက်အဓိပ္ပာယ်ရသည်။ ကျေနပ်စေသော အမွှေးအကြိုင်မှာ ကျေနပ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နားခိုခြင်းကို ယူဆောင်လာသော အနှစ်အရသာဖြစ်သည်။ ထိုသို့ ကျေနပ်စေသည့်အမွှေးအကြိုင်သည် ဘုရားသခင်အဖို့ မွေ့လျော်ဝမ်းမြောက်ရာဖြစ်သည်။

D. မှန်ကန်သင့်လျော်သည့် ဆုတောင်းခြင်းမှတဆင့် ကျွန်ုပ်တို့၏မီးရှို့ရာပူဇော်သက္ကာအဖြစ် ခရစ်တော်အပေါ် ကျွန်ုပ်တို့လက်တင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ပေါင်းစည်းဆက်နွယ်ကြသည်၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်လာကြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၌အသက်ရှင်သောအခါ ကိုယ်တော်သည် မြေကြီးပေါ် အသက်ရှင်ခဲ့သည့်အသက်တာ၊ မီးရှို့ရာပူဇော်သက္ကာအသက်တာကို ကျွန်ုပ်တို့၌ ထပ်ကျော့နေခြင်းဖြစ်သည် - အငယ်၊၄။ ၁ကော၊၆း၁၇။ ဂလ၊၂း၂၀။

E. ထိုသို့သော ပေါင်းစည်းခြင်း၌၊ ထိုသို့သော ထပ်တူညီဖြစ်ခြင်း၌ ကျွန်ုပ်တို့၏အားနည်းခြင်းများ၊ ချွတ်ယွင်းချက်များနှင့် အမှားများအားလုံးသည် ကိုယ်တော်အားဖြင့် ဖယ်ရှားပေးခြင်း ခံရသည် - ၂ကော၊၅း၂၁။ ဂလ၊၂း၂၀က။

F. သခင်ဘုရားသည် ကျွန်ုပ်တို့ကို လောင်ကျွမ်းစေရန် ကျွန်ုပ်တို့အခွင့်ပေးရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူများကို လောင်ကျွမ်းစေရန် စဉ်ဆက်မပြတ်သော မီးရှို့ရာပူဇော်သက္ကာဖြစ်လာပြီး၊ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ပြာဖြစ်သည့်တိုင် လျော့ကျစေခြင်းခံရနိုင်မည်ဖြစ်သည် - ဆာ၊၂၀း၃။ ဝတ်၊၁း၁၆။ ၆း၈-၁၃။ ၁ကော၊၃း၁၂က။ ဗျာ၊၃း၁၂။ ၂၁း၂၊ ၁၀-၁၁၊ ၁၈-၂၁။

1. ပြာသည် ဘာမျှမဟုတ်သည့်အထိ လျှော့ချခံရသော ခရစ်တော်ကို ပုံဆောင်သည်။ ကျွန်ုပ်တို့သည် ပြာဖြစ်သည့်တိုင် လျှော့ချခံရသည့် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်သောကြောင့် ကျွန်ုပ်တို့သည်လည်း ပြာဖြစ်သည့်တိုင်၊ ဘာမျှမဟုတ်သည့်တိုင်၊ သုညဖြစ်သည့်တိုင် လျှော့ချခံရကြသည် - မာ၊၉း၁၂။ ဟေရှာ၊၅၃း၃။ ၁ကော၊၁း၂၈။ ၂ကော၊၁၂း၁၁။

2. ကျွန်ုပ်တို့သည် ကိုယ်တော်အသေခံခြင်း၌ ခရစ်တော်နှင့် ထပ်တူညီခြင်း ရှိလေလေ၊ ကျွန်ုပ်တို့သည် ပြာပုံဖြစ်လာကြကြောင်း ပို၍ သိမြင်နားလည်လာလေလေ ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် ပြာဖြစ်လာသောအခါ၊ ဇာတိဆိုင်ရာပုဂ္ဂိုလ် မဖြစ်နိုင်ကြတော့ပါ။ ထိုအစား ကျွန်ုပ်တို့သည် ကားတိုင်ပေါ်အသေခံသော၊ အဆုံးသတ်ခံရသော၊ လောင်ကျွမ်းခဲ့ပြီဖြစ်သောပုဂ္ဂိုလ် ဖြစ်ကြသည် - ဂလ၊၂း၂၀က။

G. ပြာကို ယဇ်ပလ္လင်၏ အရှေ့ဘက်ခြမ်း၊ နေထွက်ရာဘက်ခြမ်း၌ ထားရှိခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၏ သရုပ်ဖော်ပြချက်ဖြစ်သည် - ဝတ်၊၁း၁၆။ ယော၊၁၁း၂၅။ ဖိ၊၃း၁၀-၁၁။ ၂ကော၊၁း၉။

1. မီးရှို့ရာပူဇော်သက္ကာအဖြစ် ခရစ်တော်နှင့်အတူ ပြာသည် အဆုံးသို့မရောက်သွားပါ - သူတို့သည် အစပြုခြင်းဖြစ်သည်။ ပြာဟူသည်မှာ ခရစ်တော်သည် အသေခံခြင်းရှိကြောင်း ဆိုလိုသည်၊ သို့သော် အရှေ့ဘက်သည် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည် - မာ၊၉း၃၁။
2. ကျွန်ုပ်တို့သည် ခရစ်တော်၌ ပြာဖြစ်သည့်တိုင် လျှော့ချခံရလေလေ၊ အရှေ့ဘက်သို့ ပို၍ထားရှိခံရကြလေလေဖြစ်ကာ၊ အရှေ့ဘက်၌ နေသည် ထွက်ပေါ်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ နေထွက်ပေါ်လာခြင်းကို တွေ့ကြုံခံစားရမည့်အကြောင်း အာမခံစိတ်ချမှု ရှိမည်ဖြစ်သည် - ဖိ၊၃း၁၀-၁၁။

H. နောက်ဆုံးတွင် ပြာသည် ယေရုရှလင်မြို့သစ် ဖြစ်လာလိမ့်မည် - ဗျာ၊၃း၁၂။ ၂၁း၂၊ ၁၀-၁၁။

1. ခရစ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့ကို အဆုံးသတ်သို့ ခေါ်ဆောင်ပြီး၊ ပြာဖြစ်သည့်တိုင် လျှော့ချကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ ပြာသည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အဖိုးထိုက်တန်သော တန်ဆာပလာများဖြစ်လာသည် - ၁ကော၊၃း၉ခ၊ ၁၂က။
2. ကျွန်ုပ်တို့သည် ပြာဖြစ်သည့်တိုင် လျှော့ချခံရသောအခါ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်တည်ဆောက်ခြင်းအတွက် အဖိုးတန်သော တန်ဆာပလာများဖြစ်လာရန် သုံးပါးတစ်ပါးဘုရား၏ ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်းအထဲသို့ ခေါ်ဆောင်ခံရခြင်းဖြစ်သည် - ရော၊၁၂း၁-၂။ ၂ကော၊၃း၁၈။ ဗျာ၊၂၁း၁၈-၂၁။

**III. ဘုရားသခင်၏ဓမ္မသစ်အမှုတော်ကို သယ်ဆောင်ခြင်း၌ မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းအဖြစ် သခင်ယေရှုသည် မိမိကိုယ်တိုင်အားဖြင့် မည်သည့်အရာကိုမျှ မလုပ်ခဲ့ပါ (ယော၊၅း၁၉)၊ မိမိကိုယ်ပိုင်အလုပ်ကို မလုပ်ခဲ့ပါ (၄း၃၄။ ၁၇း၄)၊ မိမိကိုယ်ပိုင်စကားကို မပြောခဲ့ပါ (၁၄း၁၀၊ ၂၄)၊ အရာခပ်သိမ်းကို မိမိအလိုအားဖြင့် မလုပ်ဆောင်ခဲ့ပါ (၅း၃၀)၊ မိမိကိုယ်ပိုင်ဘုန်းအသရေကို မရှာဖွေခဲ့ပါ (၇း၁၈)။ ကိုယ်တော်သည် ဘယ်သောအခါမှ စိတ်ပျက်ခြင်းမရှိခဲ့ပါ၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင်အားဖြင့်သာလျှင် ကျေနပ်နှစ်သိမ့်သောကြောင့် ဖြစ်သည် (ဟေရှာ၊၄၂း၄။ ၅၀း၄-၅။ ၅၃း၂က။ ညွန်း၊ ယော၊၄း၁၃-၁၄။ ၆း၁၅။ မာ၊၉း၇-၈)။**

A. သခင်ဘုရား၏အသက်တာသည် သူ၏အလုပ်၊ သူ၏လှုပ်ရှားမှု၊ သူ၏အမှုတော်ဖြစ်သည်။ သူ၏အလုပ်သည် သူ၏အသက်ရှင်ခြင်းဖြစ်ကာ၊ သူ၏လှုပ်ရှားမှုသည် သူ၏ဖြစ်ခြင်း ဖြစ်သည်။ ကိုယ်တော်နှင့်အတူ သူ၏အသက်တာ၊ သူ၏အလုပ်၊ သူ၏လှုပ်ရှားမှု၊ သူ၏အမှုတော်အကြား မည်သည့်ခြားနားချက်မျှ မရှိပါ။ သခင်ယေရှုသည် သူ၏အမှုတော်ကို အသက်ရှင်ခဲ့သည် - ညွန်း၊ လု၊၂၂း၂၆-၂၇။ ယော၊၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။ ၁ယော၊၅း၁၆က။ ၂ကော၊၃း၆။ ဖိ၊၁း၂၅။

B. သခင်ယေရှုသည် ဆုတောင်းသောလူတစ်ဦး၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်သောသူ၊ ဘုရားသခင်၏မျက်မှောက်တော်၌ မရပ်မနား အသက်ရှင်သောသူ၊ ဘုရားသခင်ကိုးစားခြင်းရှိသောသူ၊ မည်သည့်ဒုက္ခခံခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံခြင်းမျိုးအောက်မှာမဆို မိမိကိုယ်တိုင်၌မရှိသောသူ၊ လောက၏အစိုးရသူဖြစ်သော စာတန်က ဘာမျှမတွေ့ (မည်သည့်အခြေ၊ မည်သည့်မျှော်လင့်ချက်၊ မည်သည့်အခွင့်အရေး၊ မည်သည့်ဖြစ်နိုင်ချေမျှမရှိ) ဖြစ်ခြင်းရှိသောအရှင် ဖြစ်သည် - ယော၊၁၀း၃၀။ ၈း၂၉။ ၁၄း၃၀ခ။ ၁၆း၃၂-၃၃။ ၁ပေ၊၂း၂၃။

1. ကိုယ်တော်သည် နက်နဲသောဘုရားသခင်ထံသို့ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းနယ်ပယ်၌ ဆုတောင်းသော အသွေးအသား၌ရှိသည့် လူတစ်ဦးဖြစ်သည်။ ကိုယ်တော်သည် မကြာခဏပင် ဆုတောင်းရန် တောင်ပေါ်သို့ သွားခြင်း သို့မဟုတ် သီးသန့်နေရာသို့ ထွက်သွားခြင်းရှိခဲ့သည် - မ၊၁၄း၂၃။ မာ၊၁း၃၅။ လု၊၅း၁၆။ ၆း၁၂။ ၉း၂၈။
2. ကိုယ်တော်သည် ဘယ်သောအခါမှ တစ်ဦးတည်းမရှိပါ၊ အကြောင်းမှာ ခမည်းတော်သည် ကိုယ်တော်နှင့်အတူ ရှိသည်။ အချိန်တိုင်း၌ ကိုယ်တော်သည် ခမည်းတော်၏မျက်နှာတော်ကို မြင်ခဲ့သည် - ယော၊၅း၁၉။ ၁၆း၃၂။ ဆာ၊၁၆း၇-၈။

C. ဘုရား-ကယ်တင်ရှင်အဖြစ် ခရစ်တော်သည် အကျင့်တရားမကောင်းသော ရှမာရိမိန်းမကို ကယ်တင်လိုသောအခါ၊ ကိုယ်တော်သည် ယုဒပြည်မှ ဂါလိလဲပြည်သို့ ရှမာရိပြည်ဖြတ်သွား၍ ခရီးသွားခဲ့ပြီး၊ ရှမာရိပြည်၏ လမ်းမကြီးမှ ရှုခါမြို့သို့ ကွေ့ပတ်သွားရကာ၊ ရှုခါမြို့အနီးရှိ ယာကုပ်၏ရေတွင်း၌ စောင့်နေခဲ့သည်၊ အကြောင်းမှာ ကိုယ်တော်စောင့်နေသောသူသည် ရောက်လာ၍ ကိုယ်တော်က သူမအား သောက်ဖို့ရာ တစ်စုံတစ်ခု တောင်းခြင်းဖြင့် သူမကို ပြုစုယုယရန် ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် သူမကို အသက်၏ရေဖြစ်သော စီးဆင်းနေသည့် သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်ဖြင့် သူမကို ပြုစုယုယနိုင်မည်ဖြစ်သည် - ယော၊၄း၃-၁၄။

D. အပြစ်တင်စွပ်စွဲသော မည်သည့်ဖာရိရှဲကမျှ ဖောက်ပြန်မှုပြုသော မိန်းမကို စီရင်ခြင်းမပြုနိုင်ကြသည့်အခါ ဘုရား-ကယ်တင်ရှင်အဖြစ် ခရစ်တော်သည် ကိုယ်တော်၏လူသားဇာတိ၌ သူမအား "ငါသည်လည်း သင့်ကို မစီရင်"ဟု ပြောခဲ့ပြီး၊ သူမကို ပြုစုယုယခဲ့သည်၊ ယင်းမှာ ကြီးမြတ်သောငါဖြစ်သည့်အရှင်အဖြစ် သူမကို အပြစ်မှ လွတ်မြောက်စေခြင်းဖြင့် ပြုစုယုယ၍ "နောက်တစ်ဖန် အပြစ်မပြုတော့"ရန် တတ်စွမ်းစေသည် - ၈း၃-၁၁၊ ၂၄၊ ၃၄-၃၆။

**IV. ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သော ချစ်ခြင်းမေတ္တာ၌ တည်နေသောအခါ ချစ်ခြင်းမေတ္တာသည် "ငါတို့ကို ချစ်ခြင်းမေတ္တာနှင့် စုံလင်စေသောအားဖြင့်၊ တရားစီရင်တော်မူသောနေ့၌ ရဲရင့်ရသော အခွင့်ရှိကြလိမ့်မည်။ အကြောင်းမူကား၊ <u>ငါတို့သည် ကိုယ်တော်၏ နည်းတူ ဤလောက၌ ဖြစ်ကြ၏</u>" (၁ယော၊၄း၁၇) - မီးရှို့ရာပူဇော်သက္ကာ၏စစ်မှန်ခြင်းအဖြစ် ခရစ်တော်သည် ချစ်ခြင်းမေတ္တာအဖြစ် ဘုရားသခင်၏အသက်ကို ဤလောက၌ အသက်ရှင်ခဲ့ပြီး၊ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်ကာ၊ ကျွန်ုပ်တို့ကို ဤလောက၌ တူညီသော ချစ်ခြင်းမေတ္တာအသက်တာကို အသက်ရှင်စေ၍၊ ကိုယ်တော်ဖြစ်သည့် နည်းတူ ဖြစ်သည် (၃း၁၄။ ၅း၁။ ၂း၆)။**

A. ကျွန်ုပ်တို့၏ဝိညာဉ်ရှိ အသက်၏ဝိညာဉ်တော်တရားသည် မေတ္တာ၏တရားအဖြစ် ခရစ်တော်၏တရားဖြစ်သည် (ရော၊၈း၂။ ဂလ၊၆း၂-၃)။ မေတ္တာ၏တရားသည် အသက်၏ဝိညာဉ်တော်တရားအားဖြင့် မျက်မှောက်ပြုခြင်းရှိရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အချင်းချင်း၏ဝန်တာကို ထမ်းဆောင်နိုင်မည်။ သို့သော် ကျွန်ုပ်တို့သည် မာန်မာနနှင့် ပြည့်နေမည်ဆိုလျှင် အခြားသူများ၏ ဝန်တာကို ထမ်းဆောင်နိုင်မည်မဟုတ်ပါ၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်သော်လည်း ကျွန်ုပ်တို့ တစ်စုံတစ်ရာဖြစ်သည်ဟု မိမိတို့ကိုယ်ကို လှည့်စားသောကြောင့် ဖြစ်သည် (အငယ်၊၃)။

B. မေတ္တာ၏တရားသည် ကျွန်ုပ်တို့အတွင်း၌ လှုံ့ဆော်ရှင်သန်သောအခါ အလိုအလျောက်နှင့် ချက်ချင်းပင် ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်၏ ချစ်တတ်သော၊ ခွင့်လွှတ်တတ်သော စိတ်နှလုံးနှင့် ကျွန်ုပ်တို့၏ကယ်တင်ရှင် ခရစ်တော်၏ ထိန်းကျောင်းသော၊ ရှာဖွေသောဝိညာဉ် ရှိသည့် သိုးထိန်းများ ဖြစ်ကြလိမ့်မည် - ယော၊၂၁း၁၅-၁၇။ လု၊၁၅း၃-၇။

C. မေတ္တာ၏တရားသည် ကျွန်ုပ်တို့အတွင်း၌ လှုံ့ဆော်ရှင်သန်သောအခါ သခင်ဘုရား၌ ကျွန်ုပ်တို့၏အားထုတ်လုပ်ဆောင်မှုသည် မေတ္တာ၏အားထုတ်လုပ်ဆောင်မှု ဖြစ်ကာ (၁ကော၊၁၅း၅၈။ ၁သက်၊၁း၃)၊ ၎င်း၌ ကျွန်ုပ်တို့သည် "အားနည်းသူတို့ကို မစခြင်း" (တ၊၂၀း၃၅)နှင့် "အားနည်းသောသူတို့ကို ထောက်မခြင်း" ရှိကြသည် (၁သက်၊၅း၁၄)။ *အားနည်းသူ* ဟူသည်မှာ သူတို့၏ ဝိညာဉ် သို့မဟုတ် စိတ် သို့မဟုတ် ခန္ဓာ၌ အားနည်းသူ သို့မဟုတ် ယုံကြည်ခြင်း၌ အားနည်းသူတို့ကို ရည်ညွှန်းသည် (ရော၊ ၁၄း၁။ ၁၅း၁)။

D. ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးနောက် သခင်ဘုရားသည် ပေတရုကို ထိန်းကျောင်းခဲ့ကာ၊ ကိုယ်တော်၏သိုးငယ်များကို ကျွေးမွေးရန်နှင့် သိုးများကို ထိန်းကျောင်းရန် ခန့်အပ်စေခိုင်းခဲ့သည်။ ဤသည်မှာ တမန်တော်ဆိုင်ရာအမှုတော်ကို ခရစ်တော်၏ ကောင်းကင်ဆိုင်ရာ အမှုတော်ဖြင့် ပူးပေါင်းစေ၍ အသင်းတော်ဖြစ်သည့် ဘုရားသခင်၏သိုးစုကို ဂရုစိုက်စေသည်၊ ယင်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းကို ထွက်ပေါ်လာစေသည် - ယော၊၂၁း၁၅-၁၇။

*© 2023 Living Stream Ministry*